# စာရင်းသွင်းခြင်းနှင့် မဲပေးခြင်းဆိုင်ရာ **လမ်းညွှန်**

အသက် ၁၈နှစ် သို့မဟုတ် ၎င်းထက် အသက်ပိုကြီးသည့် ဩစတြေးလျားနိုင်ငံသားတစ်ဦး အဖြစ်၊ နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲများ၌ စာရင်းသွင်းရန်နှင့် မဲပေးရန် သင့်ထံ၌ ရပိုင်ခွင့်နှင့် တာဝန်ရှိသည်။ စာရင်းသွင်းရန်နှင့် မဲပေးရန်မှာ မလုပ်မနေဖြစ်သည်။ အကယ်၍သင် မဲမပေးလျှင် သင့်အား ဒဏ်ခတ်နိုင်ဖွယ်ရှိမည်။

## ကျွန်ုပ်တို့က သင့်အား မည်ကဲ့သို့ကူညီသလဲ။

ဩစတြေးလျားနိုင်ငံတော် ရွေးကောက်ပွဲကော်မရှင် (Australian Electoral Commission AEC) ထံ၌ တစ်နိုင်ငံလုံးဆိုင်ရာ မဲစာရင်းကို ထိန်းသိမ်းရန်နှင့် တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများကို ကျင်းပပေးရန်တို့အတွက် တာဝန်ရှိသည်။

AEC က ပြည်နယ်၊ ဒေသ သို့မဟုတ် ဒေသခံအစိုးရဆိုင်ရာ ရွေးကောက်ပွဲများကို မကျင်းပပေးပါ။ ၎င်းတို့ကို အခြားသော ရွေးကောက်ပွဲ အာဏာပိုင်များက ကျင်းပပေးသည်။

## စာရင်းသွင်းခြင်း

သင် မဲမထည့်နိုင်မီ သင့်အမည်မှာ မဲစာရင်းတွင် မရှိမဖြစ် ရှိရမည်။ မဲစာရင်းသည် တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများတွင် မဲပေးရန် အမည်စာရင်းသွင်းထားကြသော အရည်အချင်းပြည့်မီကြသည့် နိုင်ငံသားများအားလုံး၏ စာရင်းဖြစ်သည်။

### ကျွန်ုပ် စာရင်းသွင်းနိုင်သလား။

အောက်ပါတို့ဖြစ်က သင့်အမည်ကို စာရင်းသွင်းရန် ဥပဒေအရလိုအပ်ပါသည်။

- အသက် ၁၈နှစ် သို့မဟုတ် ၎င်းထက် အသက်ပိုကြီးလျှင်
- ဩစတြေးလျားနိုင်ငံသားဖြစ်လျှင်
- သင်၏လက်ရှိလိပ်စာ၌ အနည်းဆုံးတစ်လအတွက် နေခဲ့လျှင်တို့ဖြစ်သည်။

အကယ်၍သင်သည် ၁၆ သို့မဟုတ် ၁၇နှစ် အရွယ်ရှိလျှင် သင် ယခုစာရင်းသွင်းနိုင်သည်၊ သို့မှသာ သင် ၁၈ နှစ်ပြည့်သောအခါ မဲပေးရန် အဆင်သင့်ဖြစ်နေလိမ့်မည်။

### ကျွန်ုပ်မည်ကဲ့သို့ စာရင်းသွင်းရမလဲ

သင် www.aec.gov.au/enrol ၌ စာရင်းသွင်းနိုင်သည်။

စာရင်းသွင်းရန်လျှောက်လွှာကို AEC ရုံး သို့မဟုတ် စာတိုက်များမှလည်းရရှိနိုင်သည်။

### စာရင်းသွင်းထား၊ မထားကို ကျွန်ုပ်မသေချာပါ

သင့်စာရင်းကို www.aec.gov.au/check ၌ စစ်ဆေးကြည့်နိုင်ပါသည်။

### အကယ်၍ ကျွန်ုပ်၏ လိပ်စာ/အမည် ပြောင်းသွားလျှင် ဘာလုပ်ရမလဲ။

သင့်လိပ်စာ သို့မဟုတ် အမည် ပြောင်းလဲတိုင်း သင်၏ အချက်အလက်အသစ်များကို မဲစာရင်း၌ ပြင်ဆင်ရန်လိုအပ်သည်။ သင်၏ အချက်အလက်များကို www.aec.gov.au ၌ အွန်လိုင်း ပြောင်းလဲနိုင်သည်။ စာရင်းသွင်းရန်လျှောက်လွှာကို AEC ရုံး သို့မဟုတ် စာတိုက်များမှလည်းရရှိနိုင်သည်။

### ကျွန်ုပ် ပင်လယ်ရပ်ခြားရောက်နေလျှင် ဘာလုပ်သင့်သလဲ

အကယ်၍သင် ပင်လယ်ရပ်ခြားသို့ အလုပ်လုပ်ရန် သို့မဟုတ် နေထိုင်ရန်သွားလျှင် AEC ကို အကြောင်းကြားအပ်သည်။ အကယ်၍သင် ပင်လယ်ရပ်ခြားရှိခိုက် တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ သို့မဟုတ် ဆန္ဒခံယူပွဲကို ကျင်းပမည်ဟု ကြေညာခဲ့ပါကလည်း AEC ကို အကြောင်းကြားအပ်သည်။

အကယ်၍သင် အကြောင်းမကြားလျှင် သင့်အမည်ကို မဲစာရင်းမှ ပယ်ဖျက်ခံရနိုင်ပြီး နောင်လာမည့် ရွေးကောက်ပွဲများ၌ သင် မဲပေးနိုင်တော့မည် မဟုတ်ပေ။

နောက်ထပ် သိကောင်းစရာအချက်အလက်များကို www.aec.gov.au/overseas ၌ ရရှိနိုင်သည်။

## မဲပေးခြင်း


တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကို အနည်းဆုံး သုံးနှစ်တစ်ကြိမ် ကျင်းပပေးပြီး ရွေးကောက်ပွဲနေ့မှာ အမြဲပင် စနေနေ့ကျသည်။ မည်သည့်အခါနှင့် မည်သည့်နေရာ၌ မဲပေးရမည်မှာ ရွေးကောက်ပွဲနေ့တွင် သင်မည်သည့်နေရာ၌ ရှိနေလိမ့်မည့်အပေါ် မူတည်သည်။

### ရွေးကောက်ပွဲနေ့တွင်

သင်သည် သင်နေနေကျ ပြည်နယ် သို့မဟုတ် ဒေသ၌ရှိသော မည်သည့်မဲရုံ၌မဆို မဲပေးနိုင်သည်။ မဲရုံများသည် နံနက် ၈ နာရီဖွင့်ပြီး ညနေ ၆ နာရီတိတိတွင် ပိတ်သည်။



AEC Australian Electoral Commission




မဲစာရွက်များ၏ နမူနာ

အကယ်၍သင်သည် အခြားပြည်နယ် သို့မဟုတ် ဒေသ၌ရှိပြီး သင် စောစီးစွာ မဲမထည့်ရသေးလျှင် ပြည်နယ်ခြား မဲရုံတစ်ခုခု၌ မဲထည့်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။

ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပါတ်အနည်းငယ်အလိုတွင် မဲရုံများနှင့် ပြည်နယ်ခြားရှိ မဲရုံများတို့၏စာရင်းကို www.aec.gov.au ၌ ရရှိနိုင်သည်။ အကယ်၍သင်သည် ရွေးကောက်ပွဲနေ့တွင် မဲရုံတစ်ခုခုသို့ မသွားနိုင်ပါက သင့်အနေနှင့် စောစီးစွာမဲထည့်နိုင်သည်။

## အခြားရွေးချယ်လုပ်နိုင်စရာများ

အကယ်၍ ရွေးကောက်ပွဲနေ့တွင် သင့်အခြေအနေသည် အောက်ပါအတိုင်းဖြစ်နေက သင့်အနေနှင့် လူကိုယ်တိုင် သို့မဟုတ် စာပို့ကာ စောစီးစွာ မဲထည့်နိုင်သည်

- မဲထည့်ရန် သင်စာရင်းသွင်းထားသော မဲဆန္ဒနယ် ပြင်ပရောက်နေလျှင်
- မဲရုံတစ်ခုမှ ၈ ကီလိုမီတာထက် ပိုဝေးသည့်နေရာ၌ ရှိနေလျှင်
- ခရီးထွက်နေလျှင်
- မဲပေးရန် သင့်အလုပ်ကို လွှတ်ပြီးမသွားနိုင်လျှင်
- ပြင်းထန်စွာ နာမကျန်းဖြစ်နေလျှင်၊ အိုမင်းမစွမ်းဖြစ်နေလျှင်၊ သို့မဟုတ် များမကြာမီ မီးဖွားတော့မည်ဆိုလျှင် (သို့မဟုတ် ထိုသို့ဖြစ်မည့်သူတစ်ဦးအား ကြည့်ရှုစောင့်ရှောက်နေရလျှင်)
- ဆေးရုံ၌ လူနာတစ်ဦးဖြစ်နေပြီး ဆေးရုံ၌ မဲမထည့်နိုင်လျှင်
- သင့်ထံ၌ မဲရုံသို့ မသွားရဟု တားဆီးပိတ်ပင်ထားသည့် ဘာသာရေးအယူဝါဒရှိခြင်း
- သုံးနှစ်အောက်လျော့နည်းပြီး ထောင်ကျနေလျှင် သို့မဟုတ် အခြားနည်းအားဖြင့် ထိန်းသိမ်းထားခံနေရလျှင်
- လူသိမခံလိုသော မဲပေးသူဖြစ်လျှင်
- သင့်လုံခြုံမှုအတွက် ခိုင်လုံသော စိုးရိမ်စိတ်ရှိလျှင် တို့ဖြစ်သည်။

စောစီးစွာ မဲပေးနိုင်သည့် မဲရုံများကို ရွေးကောက်ပွဲနေ့ မတိုင်မီအထိ ရက်သတ္တပါတ်အနည်းငယ်အတွက် ကြိုတင်ဖွင့်လှစ်ထားမည်ဖြစ်ပြီး ၎င်းတို့၏ တည်နေရာများနှင့် ဖွင့်လှစ်ချိန်များကို www.aec.gov.au ၌ ထုတ်ဝေလိမ့်မည်ဖြစ်သည်။

စာတိုက်မှတဆင့် မဲပေးရန် သင်သည် အွန်လိုင်းလျှောက်ထားနိုင်သည် သို့မဟုတ် မည်သည့် AEC ရုံးမှမဆို စာတိုက်မှတဆင့် မဲပေးနိုင်သည့် လျှောက်လွှာပုံစံကို ရယူနိုင်သည်။ AEC က ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများစာရင်း ပိတ်ပြီးနောက်တွင် သင့်အား စာတိုက်မှတဆင့် မဲပေးနိုင်သည့်စာထုပ်ကို ပို့ပေးလိမ့်မည်ဖြစ်သည်။

## သင့်မဲကို ရေတွက်ခံရစေခြင်း

တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲတွင် သြစတြေးလျားနိုင်ငံ ပါလီမန်၏ လွှတ်တော်နှစ်ခုဖြစ်ကြသော ဥပဒေပြု အထက်လွှတ်တော် (Senate ဆီးနိတ်) နှင့် အောက်လွှတ်တော် (House of Representatives) တို့တွင် သင့်အား ကိုယ်စားပြုမည့်သူများကို သင်မဲထည့်နေခြင်းဖြစ်သည်။

သင်သည် မဲစာရွက်နှစ်ခုကို လက်ခံရရှိလိမ့်မည်ဖြစ်သည်။

- အစိမ်းရောင် မဲစာရွက်မှာ သင့်ဒေသခံအရပ် (သို့မဟုတ် မဲဆန္ဒနယ်) မှ ကိုယ်စားလှယ်တစ်ဦးအား အောက်လွှတ်တော်အတွက် မဲထည့်ရန်ဖြစ်ပြီး
- အဖြူရောင် မဲစာရွက်မှာ သင့်ပြည်နယ် သို့မဟုတ် ဒေသမှ ကိုယ်စားလှယ်များအား ဥပဒေပြုအထက်လွှတ်တော်အတွက် မဲပေးနေခြင်းဖြစ်သည်။

မဲပေးနည်းဆိုင်ရာ ညွှန်ကြားချက်များကို မဲစာရွက်များပေါ်၌ ပုံနှိပ်ထားပါသည်။ အကယ်၍သင် အမှားအယွင်းလုပ်မိလျှင် သို့မဟုတ် ဘာလုပ်ရမည်ကိုမသေချာလျှင် မဲရုံအရာရှိတစ်ဦးဦးထံ၌ အကူအညီတောင်းလိုက်ပါ။

## နောက်ထပ် သိလိုသေးသလား

သင်သည် ရွေးကောက်ပွဲစနစ်၊ အမည်စာရင်းသွင်းခြင်းနှင့် မဲပေးခြင်းတို့နှင့်ပတ်သက်ပြီး www.aec.gov.au ၌ ပိုမိုလေ့လာသင်ယူနိုင်ပါသည်။

တယ်လီဖုန်းနှင့်စကားပြန် ဝန်ဆောင်မှုကို ရရှိနိုင်ပါသည်။ အမည်စာရင်းသွင်းခြင်း၊ မဲပေးခြင်းနှင့် ရွေးကောက်ပွဲတို့နှင့်ပတ်သက်သည့် မြန်မာဘာသာစကားဖြင့် သိကောင်းစရာ အချက်အလက်များအတွက် 1300 720 153 သို့ ဖုန်းဆက်ပါ။

အကယ်၍သင် နားမကြားလျှင် သို့မဟုတ် အကြားပိုင်း သို့မဟုတ် အပြောပိုင်းအရ ချွတ်ယွင်းမှုရှိလျှင်၊ ကျွန်ုပ်တို့အား တစ်နိုင်ငံလုံးဆိုင်ရာ တစ်ဆင့်ပြန် ဝန်ဆောင်မှုဌာန (National Relay Service NRS) မှတဆင့် ဆက်သွယ်ပါ။

- TTY အသုံးပြုသူများ 13 36 77 ကို ဖုန်းဆက်ပြီး 13 23 26 ကို တောင်းပါ။
- Speak and Listen (စကားပြော၍ နားထောင်ခြင်းဆိုင်ရာ ဝန်ဆောင်မှု) အသုံးပြုသူများ 1300 555 727 ကို ဖုန်းဆက်ပြီး 13 23 26 ကို ကိုးကားပါ။
- အင်တာနက် တစ်ဆင့်ပြန် အသုံးပြုသူများ NRS ကို ချိတ်ဆက်ပြီးနောက် 13 23 26 ကို တောင်းပါ။



Authorised by the Electoral Commissioner, Canberra.